## မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ စာရင်းကောက်ယူရေးလုပ်ငန်းကော်မတီ ဒုတိယအကြိမ် နည်းပညာဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

## ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်

မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ စာရင်းကောက်ယူရေးလုပ်ငန်းကော်မတီ ဒုတိယအကြိမ် နည်းပညာဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၁-၁၁-၂၀၁၉) ရက်နေ့တွင် ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ် (၃၂) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင် နမူနာစစ်တမ်းနောက်ခံအကြောင်းအရာ၊ စစ်တမ်းဆောင်ရွက်မှုအဆင့်ဆင့်၊ စာရင်းကောက်များနှင့် ဖြေဆိုသူများ၏တုံ့ပြန်မှု၊ မေးခွန်းကြာချိန်၊ နမူနာစာရင်းစဉ်၊ ဖြေဆိုမှုနှုန်း၊ နမူနာစစ်တမ်း နည်းလမ်းနှင့် ရလဒ်များကို ဆွေးနွေးခဲ့ကြပါသည်။ အစည်းအဝေးသို့ စာရင်းကောက်ယူရေးလုပ်ငန်းကော်မတီဝင်များ၊ စစ်တမ်းများနှင့် စာရင်းအင်းဆိုင်ရာ စံသတ်မှတ်ချက်များလုပ်ငန်းအဖွဲ့နှင့် လူမှုရေးဆိုင်ရာ စာရင်းအင်းများလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများအပါအဝင် စုစုပေါင်း (၂၃) ဦး တက်ရောက်ခဲ့ကြပါသည်။



